**"လမ်းဘေးဈေးသည်များ ရောင်းချနေသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်း ရေးအတွက် ဆောင်ရွက်တွေ့ရှိချက်များအပေါ် ညှိနှိုင်းဆွေးနွေးပွဲ" အစည်းအဝေးမှတ်တမ်း**

၁။ (၃၀-၈-၂၀၁၉) ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ (၁)၊ နေပြည်တော်၌ လမ်းဘေးဈေးသည်များ ရောင်းချနေသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်တွေ့ရှိချက်များအပေါ် ညှိနှိုင်းဆွေးနွေးပွဲ အစည်းအဝေးကို ကျင်းပခဲ့ပါသည်။

၂။ အစည်းအဝေးတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ပါသည်-

၁။ ဒေါက်တာသာထွန်းကျော်
အမြဲတမ်းအတွင်းဝန် (၂)
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၂။ ပါမောက္ခ ဒေါက်တာခင်ဇော်
ညွှန်ကြားရေးမှူးချုပ်
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၃။ ဒေါက်တာခင်ချစ်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တိုင်းဒေသကြီး/ပြည်နယ်)
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၄။ ဒေါက်တာအောင်ကျော်ထွေး
ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးချုပ်)
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၅။ ဒေါက်တာဝေဖြိုးအောင်
ဌာနမှူး၊ စည်ပင်ကျန်းမာရေးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၆။ ဒေါက်တာဥမ္မာစိုးဝင်း
ညွှန်ကြားရေးမှူး(အစားအသောက်)
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၇။ ဒေါက်တာရွှေစင်လှိုင်

ညွှန်ကြားရေးမှူး(ခေတ်ခွဲ)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၈။ ဒေါက်တာဝင်းနိုင်

ညွှန်ကြားရေးမှူး (အထွေထွေဈေးကွက်ထောက်လှမ်းရေး)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၉။ ဒေါက်တာဇော်လင်း

ညွှန်ကြားရေးမှူး (စီမံကိန်းနှင့်စစ်ဆေးရေး)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁၀။ ဒေါက်တာချောနုနုအေး

ဒုတိယညွှန်ကြားရေးမှူး (ပြည်တွင်း/ဈေးကွက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁၁။ ဒေါက်တာစပယ်ထက်ထက်ထူး

ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်/ထုတ်ကုန်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁၂။ ဒေါက်တာဝင်းလဲ့ဖြူ

လက်ထောက်ညွှန်ကြားရေးမှူး (ပြည်တွင်းလုပ်ငန်း)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁၃။ ဒေါက်တာထက်အောင်

လက်ထောက်ညွှန်ကြားရေးမှူး (ပို့ကုန်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁၄။ ဒေါက်တာစည်သူ

လက်ထောက်ညွှန်ကြားရေးမှူး (စီမံကိန်းနှင့်စစ်ဆေးရေး)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁၅။ ဒေါက်တာနှင်းနှင်းဝေ

လက်ထောက်ညွှန်ကြားရေးမှူး (ဥတ္တရခရိုင်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁၆။ ဒေါ်ခင်စန်းဦး

လက်ထောက်ညွှန်ကြားရေးမှူး

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်၊ နေပြည်တော်

၁၇။ ဒေါ်ခင်စိမ်းလှဲ့

လက်ထောက်ညွှန်ကြားရေးမှူး

စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံး၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၈။ ဦးမျိုးမြင့်သူ

လက်ထောက်ညွှန်ကြားရေးမှူး

စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံး၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၉။ ဦးထွန်းဦး

လက်ထောက်ညွှန်ကြားရေးမှူး

စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၂၀။ ဦးမြင့်ဦး

လက်ထောက်ညွှန်ကြားရေးမှူး

စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

၂၁။ ဦးအောင်ဗလဟိန်း

လက်ထောက်ညွှန်ကြားရေးမှူး

စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံး၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၂၂။ ဦးမင်းအောင်

လက်ထောက်ညွှန်ကြားရေးမှူး

စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံး၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂၃။ ဦးမြင့်နိုင်ထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၂၄။ ဒေါက်တာမေယုခိုင်
အဖွဲ့ခေါင်းဆောင်ဆရာဝန် (ကလေးကျန်းမာပညာဌာန)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်

၂၅။ ဦးဇော်ဝင်း
ဦးစီးအရာရှိ (စည်ပင်သာယာရေးကော်မတီ)
တပ်ကုန်းမြို့မဈေး၊ တပ်ကုန်းမြို့နယ်

၂၆။ ဦးတင်မောင်ကြည်
ဦးစီးအရာရှိ (စည်ပင်သာယာရေးကော်မတီ)
ပျဉ်းမနားမြို့မဈေး၊ ပျဉ်းမနားမြို့နယ်

၂၇။ ဦးကျော်နိုင်ဦး
ဦးစီးအရာရှိ (စည်ပင်သာယာရေးကော်မတီ)
အာဟာရသုခဈေး၊ နေပြည်တော်

၂၈။ ဦးသိန်းဝင်းနိုင်
ဈေးတာဝန်ခံ (စည်ပင်သာယာရေးကော်မတီ)
ယုဇနဈေး၊ နေပြည်တော်

၂၉။ ဦးမျိုးညွန့်
ဒုတိယဈေးတာဝန်ခံ (စည်ပင်သာယာရေးကော်မတီ)
ပုဗ္ဗသီရိဈေး၊ နေပြည်တော်

၃၀။ ဦးမျိုးဇော်ခိုင်
ရုံးအုပ် (စည်ပင်သာယာရေးကော်မတီ)
သပြေကုန်းဈေး၊ နေပြည်တော်

၃၁။ ဦးဆန်းလင်းခိုင်
ဒုတိယဈေးတာဝန်ခံ (စည်ပင်သာယာရေးကော်မတီ)
မြို့မဈေး၊ နေပြည်တော်

၃၂။ ရဲမှူးအေးမင်း

ဒုတိယခရိုင်ရဲမှူး

ဥတ္တရခရိုင်၊ နေပြည်တော်

၃၃။ ဒေါ်စန္ဒာဖြူ

ဦးစီးအရာရှိ

ဒက္ခိဏခရိုင်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၃၄။ ဒေါ်ခင်ချိုလင်း

ဒုကြီးကြပ်ရေးမှူး(အစားအသောက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၃၆။ ဒေါ်ပြုံးဝေ

ဒုကြီးကြပ်ရေးမှူး(အစားအသောက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၃၇။ ဦးမျိုးမင်းဇော်

ဒုကြီးကြပ်ရေးမှူး(အစားအသောက်)

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

**၃။** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်မှ အခမ်းအနားသို့ တက်ရောက်လာသောဌာနဆိုင်ရာများမှ ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများအားလုံးကို မင်္ဂလာပါဟု ဦးစွာနှုတ်ခွန်းဆက်သပါကြောင်း၊ Food Safety ရရှိရန် လမ်းဘေးဈေးသည်များရောင်းချနေသော အစားအသောက်များဘေး အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ဆောင်နေခြင်းကို ပြည်ထောင်စုဝန်ကြီးမှ အထူးစိတ်ဝင်စားကြောင်း၊ မြန်မာနိုင်ငံတွင် အစားအသောက်များကို လမ်းဘေး၌ စားသောက်ကြခြင်းမှာ Culture တစ်ခုဖြစ်နေကြောင်း၊ မြန်မာနိုင်ငံ၏ Generation Changes ရရှိရန် Environment မှ လုပ်နေသလိုဖြစ်နေကြောင်း၊ ယခုအခါတွင် သက်ဆိုင်ရာဌာနများနှင့် INGO အဖွဲ့အစည်းများမှ Nutrition Programm များဖြင့် Generation Changes ရရှိရန် ဝိုင်းဝန်းကြိုးစားနေကြကြောင်း၊ ဂျပန်နိုင်ငံတွင် Generation Changes (Long Term Plan) အနေဖြင့် အစားအစာများကို အရောင် (၄) မျိုးထား၍ စားသောက်နေကြကြောင်း၊ ထိုအရောင်လေးမျိုးတွင် Protein (၂)

မျိုး၊ Vegetable (၁) မျိုးနှင့် Carbohydrate (၁) မျိုး ပါဝင်ကြောင်း၊ Food borne diseases များ၏ အဓိကအရင်းအမြစ်မှာ လမ်းဘေးဈေးသည်များ ရောင်းချနေသော အစားအသောက်များဖြစ်၍ Food safety ရရှိရန် သက်ဆိုင်ရာဌာနများအားလုံး အတူတကွဆောင်ရွက်မှသာ အောင်မြင်နိုင်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများမှ အထူးကြပ်မတ်ပေးရန်လိုအပ်ကြောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့်လည်း (၂၀၁၉) ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ လမ်းဘေးဈေးသည်များအား သင်တန်းပေးစစ်ဆေးခြင်းများပြုလုပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ အစားအသောက်ထုတ်လုပ်သောလုပ်ငန်းများကို အသိပညာပေးရုံသာမက စားသုံးသူများအနေဖြင့်လဲ (Consumer Awareness) ရှိရန် စားသုံးသူများကိုပါ အသိပညာပေးရန်လိုအပ်ကြောင်း၊ မိမိတို့ပတ်ဝန်းကျင်တွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ Approved Stiker များ ထည့်ပေးနိုင်လျှင် ပို၍ကောင်းကြောင်း၊ ထို့ကြောင့် သက်ရှည်ကျန်းမာစွာနေနိုင်ရေးအတွက် အစားအစာများဘေးကင်းလုံခြုံရေးရရှိရန် သက်ဆိုင်ရာဌာနအသီးသီးမှ ပူးပေါင်းပါဝင်ပေးရန် လိုအပ်သောကြောင့် ယနေ့အစည်းအဝေးကျင်းပရခြင်းဖြစ်ပါကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

၄။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အမှာစကားပြောကြားရာတွင် အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများမှပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ အားလုံးကို မင်္ဂလာပါဟု ဦးစွာနှုတ်ခွန်းဆက်သပါကြောင်း၊ ယနေ့ပြုလုပ်သည့် အစည်းအဝေးဖြစ်မြောက်လာမှုအား အကျဉ်းချုံးပြောကြားရာတွင် Food Safety ရရှိရန်အတွက် လမ်းဘေးဈေးသည်များရောင်းချသော အစားအစာများဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများလုပ်ဆောင်ရာတွင် အခက်အခဲများရှိခဲ့ကြောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် မဖြစ်ပေါ်ခင်ကတည်းက လမ်းဘေးဈေးသည်များနှင့်ပတ်သက်၍ အသိပညာပေး၍ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရန် ကြိုးပမ်းခဲ့သည်ကို သိရှိရပါကြောင်း၊ ယခုအခါ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်းကောင်း၊ နယ်စပ်စည်ပင်သာယာရေး နယ်နိမိတ်များတွင်လည်းကောင်း၊ လမ်းဘေးဈေးသည်နှင့်ပတ်သက်၍ အသိပညာသင်တန်းပေးခြင်းတို့အား ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ (၂၀၁၉) ခုနှစ် ဖေဖော်ဝါရီလမှစ၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် လမ်းဘေးဈေးသည်များအား ပညာပေးသည့် အခန်းကဏ္ဍအနေဖြင့် လုပ်ဆောင်

လျှက်ရှိပါကြောင်း၊ လုပ်ဆောင်သည့်နေရာတွင် အပိုင်း (၃) ပိုင်းဖြင့် လုပ်ဆောင်နေပါကြောင်း၊ ပထမပိုင်းအနေဖြင့် လုပ်ငန်းဖြစ်သည့် လမ်းဘေးစျေးသည်များအား ပညာပေးခြင်း၊ ဒုတိယအပိုင်း အနေဖြင့် စားသုံးသူများအား ပညာပေးခြင်းနှင့် တတိယအနေဖြင့် အာဏာပိုင်အဖွဲ့အစည်းများမှ ဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းညှိပေးခြင်းစသည်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပညာပေးရာတွင် ဌာန (၇) ခုမှ သင်တန်းဆရာများဖြင့် သင်တန်းပို့ချနေပါကြောင်း၊ လမ်းဘေးစျေးသည်များတွင် Processed Food များသာမက Raw Food များပါ အသုံးပြုသောကြောင့် ပညာပေးရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန စသည့်ဌာနများမှ သင်တန်းဆရာများဖြင့် သင်တန်းပို့ချလျှက်ရှိပါကြောင်း၊ အသိပညာပေးသင်တန်းများအား တစ်လတစ်ခါလုပ်ဆောင်လျှက်ရှိပြီး ကျန်တိုင်းနှင့်ပြည်နယ်များတွင်ပါ လုပ်ဆောင်လျှက်ရှိပါကြောင်း၊ လမ်းဘေးစျေးသည် အသိပညာပေးဟောပြောပွဲနှင့်အပြိုင် ဟိုတယ်နှင့်စားသောက်ဆိုင်များ၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်လည်း သင်တန်းများပို့ချလျှက်ရှိပါကြောင်း၊ သင်တန်းများပို့ချရာတွင် သင်တန်းမစခင် Pre – Test များစစ်ဆေး၍ သင်တန်းပြီးဆုံးချိန်တွင် Post Test များ စစ်ဆေးကာ သင်တန်းသားများ၏ တိုးတက်လာမှုများအား ဆန်းစစ်လျှက်ရှိပါကြောင်း၊ ထိုသို့ဆန်းစစ်ရာတွင် သင်တန်းသားအချို့မှာ Post Test တွင် 90 % အထိ တိုးတက်လာသည်များကို တွေ့ရှိရ၍ ဝမ်းမြောက်မိပါကြောင်း၊ သင်တန်းဆန်းစစ်ချက်များပြီးဆုံး၍ သင်တန်းဆင်း Vinyl များ ပေးအပ်ပြီး ၎င်းသင်တန်းဆင်းဗွီနိုင်းရရှိထားသော ဆိုင်များအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ပါကြောင်း၊ ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွေ့ရှိရသည့် အခက်အခဲများမှာ ဆိုင်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဆေးကြောအသုံးပြုသည့်ရေရရှိရေးတို့ဖြစ်ပါကြောင်း၊ ထိုတွေ့ရှိချက်များအား ပြည်ထောင်စုဝန်ကြီးထံ အစီရင်ခံတင်ပြရာတွင် ပြည်ထောင်စုဝန်ကြီးမှ ၎င်းတွေ့ရှိချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆွေးနွေးရန် လမ်းညွှန်ပါသဖြင့် ယနေ့ဆွေးနွေးပွဲအား ကျင်းပရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဝိုင်းဝန်းဆွေးနွေးကြရန်လိုပါကြောင်း၊ ယနေ့အစည်းအဝေးသို့ အချိန်ပေးတက်ရောက်လာသူများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

၅။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (အစားအသောက်) မှ လမ်းဘေးစျေးသည်များရောင်းချနေသော အစားအသောက်များဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်တွေ့ရှိချက်များအပေါ် ရှင်းလင်းတင်ပြရာတွင် အခမ်းအနားသို့ တက်ရောက်လာသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲ

ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာမှ ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများအားလုံးကို မင်္ဂလာပါဟု နှုတ်ခွန်းဆက်သပါကြောင်း၊ လမ်းဘေးဈေးသည်များရောင်းချနေသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို (၁၀-၁-၂၀၁၉) ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး Pilot Project အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် သင်တန်းပို့ချဆောင်ရွက်ခဲ့ကြောင်း၊ လမ်းဘေးဈေးသည်များတွင် အစားအစာများ ဘေးကင်းလုံခြုံရေးအတွက် အလေ့အကျင့်ကောင်းများရှိလာရန် Food Safety Objectives (၄) ချက်နှင့် ပြုလုပ်နေကြောင်း၊ တစ်ကိုယ်ရေးသန့်ရှင်းရေးများအတွက် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း၊ အသား၊ ငါးများပါဝင်သော အစားအသောက်များ ဘေးကင်းလုံခြုံရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလည်းကောင်း၊ တာရှည်ခံဓာတုပစ္စည်းများနှင့် အချို၊ အငန်၊ ဆီလွန်ကဲစွာ အသုံးပြုထားသော အစားအသောက်စားသုံးခြင်းကြောင့် ရရှိနိုင်မည့် ရောဂါအန္တရာယ်အကြောင်းအား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှလည်းကောင်း၊ စားသုံးသူရေးရာဌာနမှ စားသုံးသူ အခွင့်အရေးဆိုင်ရာအတွက်လည်းကောင်း၊ ရေကောင်းရေသန့်ရရှိရေးနှင့် အမှိုက် စွန့်ပစ်မှုစနစ်တို့အတွက် မြို့နယ်စည်ပင်သာယာရေး ကော်မတီမှလည်းကောင်း သင်တန်းများပို့ချနေကြောင်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ရာတွင် Pre-test, Post-test များပြုလုပ် ကြောင်း၊ သင်တန်းပို့ချရာတွင် လက်ကမ်းစာစောင်များ၊ စာအုပ်များပေးအပ်ကြောင်း၊ သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်များ (သို့မဟုတ်) သင်တန်းတက်ရောက်ကြောင်း လက်မှတ်များပေးအပ်ကြောင်း၊ သင်တန်း၌ ပို့ချခဲ့သော အစားအစာများဘေးကင်းလုံခြုံရေး အလေ့အကျင့်များ လက်တွေ့လိုက်နာကျင့်သုံးခြင်း ရှိ/ မရှိကို ရှောင်တခင်စစ်ဆေးခြင်းများပြုလုပ်ကြောင်း၊ ထိုသို့ ရှောင်တခင်စစ်ဆေးရာတွင် တွေ့ရှိချက်များမှာ ယင်လုံအောင်ထားမှု အားနည်းခြင်း၊ ရေနွေးကြမ်း ခွက်များထားရှိမှုတွင် သန့်ရှင်းမှုအားနည်းခြင်း၊ လက်အိတ်အသုံးပြုမှုအားနည်းခြင်း၊ Personal Protector များသုံးစွဲမှုအားနည်းခြင်း၊ အသားငါးနှင့် ဟင်းသီးဟင်းရွက်များ ဆေးကြောရာတွင် Running Water အသုံးပြုမှုအားနည်းခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းမှုအားနည်းခြင်း၊ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုအားနည်းခြင်း၊ ဆေးကြောပြီးပန်းကန်များကို ပက်လက်ထားရှိခြင်း၊ အဖုံးပါအမှိုက်ပုံးများ သုံးစွဲမှုအားနည်းခြင်းများ တွေ့ရှိကြောင်း၊ ထိုသို့အားနည်းချက်များမှာ ဌာနဆိုင်ရာများမှ ပံ့ပိုးမှုများလိုအပ်နေခြင်းနှင့် ဈေးသည်များ/ လုပ်ငန်းများမှ လိုက်နာမှုအားနည်းခြင်း တို့အပေါ်မူတည်ကြောင်း ပြောကြားခဲ့ပါသည်။

၆။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (အစားအသောက်) ဒေါ်ဥမ္မာစိုးဝင်းမှ ရောင်တခင်စစ်ဆေးစဉ် တွေ့ရှိချက်များကို တင်ပြပြီးသောအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော် လမ်းဘေးဈေးသည်များမှ အစားအစာများ ဘေးကင်းလုံခြုံရေးတွင်လိုက်နာမှု အားကောင်းလာစေရန် လမ်းဘေးဈေးသည်များ လိုက်နာရမည့် တိကျသောလမ်းညွှန်မှုများပေးရန်လိုအပ်ကြောင်း၊ ရေအခက်အခဲမှာ အဓိက ပြဿနာဖြစ်နေ၍ သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းအဖြေရှာပေးရန် လိုအပ်ပါကြောင်း အကြံပြု ဆွေးနွေးခဲ့ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန၊ ဌာနမှူး ဒေါက်တာဝေဖြိုးအောင်မှ လမ်းဘေးဈေးသည်များရောင်းချသော အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မိမိတို့ဌာနမှ ပူးပေါင်းပါဝင်ပေးမည်ဖြစ်ကြောင်း၊ သုံးရေအရင်းအမြစ်ကို စီစဉ်ပေးရန်မှာ ဈေးစတင်ဆောက်လုပ်ချိန်က အဆောက်အဦးပုံစံများကြောင့် အခက်အခဲရှိနေကြောင်း၊ သုံးရေအရင်းအမြစ်ကို နေရာတိတိကျကျသတ်မှတ်နိုင်လျှင် ပိုကောင်းမည်ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်နှင့်ပတ်သက်၍ မြို့တော်ဝန်ထံသို့ ဝန်ကြီးဌာနများမှ ဝန်ကြီးရုံးစာဖြင့် ညှိနှိုင်းတင်ပြလျှင် ပိုမိုကောင်းမွန်နိုင်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဆွေးနွေးရာတွင် မဖြစ်မနေလိုက်နာကျင့်သုံးရမည့် အချက်များကို ပြဋ္ဌာန်းနိုင်ရန် ကြိုးစားမည်ဖြစ်ပါကြောင်း၊ ဈေးများအနက် စံပြဈေးတစ်ခုအား ပေါ်ပေါက်လာရန် အကောင်အထည်ဖော်ဆောင်ရွက်လျှင် ပိုကောင်းမည်ဟု ထင်မိပါကြောင်း၊ သုံးရေအရင်းအမြစ်နှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ မြို့တော်ဝန်ထံသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ အမြန်လမ်း (၁၁၅) မိုင်မှ စားသောက်ဆိုင်များ သန့်ရှင်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရောင်တခင်စစ်ဆေးမှုများအား ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

လယ်ဝေးစည်ပင်သာယာရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးမြင့်သူမှ လမ်းဘေးဈေးသည်များ ရောင်းချသည့် အစားအသောက်များ ဘေးကင်းရေးဆောင်ရွက်ရာတွင် မိမိတို့အဖွဲ့အစည်းမှ ပူးပေါင်းပါဝင်ပေးမည့် အကြောင်းဆွေးနွေးခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အစားအသောက်) ဒေါ်ဥမ္မာစိုးဝင်းမှ စားသောက်ဆိုင်များ လိုက်နာရမည့်အချက် (၁၆) ချက်အား ရှင်းပြသောအခါ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်မှ ၎င်းလိုက်နာရမည့်အချက်များထဲမှ လမ်းဘေးဈေးသည်များ မဖြစ်မနေ လိုက်နာရမည့်အချက် (၅) ချက်ခန့်အားထုတ်နှုတ်၍ လိုက်နာရန်ညွှန်ကြားလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း အကြံပြုပြောကြားခဲ့ပါသည်။

၇။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဒေါက်တာစပယ်ထက်ထက်ထူးမှ စံပြဈေးသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ရောင်းသူဘက်မှ Inspire ဖြစ်စေမည့် Model တစ်ခုအား INGO/NGO အဖွဲ့များ၏ ကူညီထောက်ပံ့မှုဖြင့် ဈေးသည်ထဲမှ Volunteer Groupဖွဲ့ပြီး Project တစ်ခုအနေဖြင့်ပြုလုပ်လျှင် ပိုအဆင်ပြေနိုင်ကြောင်း ဆွေးနွေးခဲ့ပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ INGO/NGO အဖွဲ့များနှင့်ဆွေးနွေး၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာခင်ချစ်မှ Model ရွေးရာတွင် ဈေးဆိုင်များကို Motivate ဖြစ်အောင်လုပ်ဖို့လိုကြောင်းနှင့် ငွေကြေးတောင့်တင်းသော (ထမင်းကြော်၊ လက်ဖက်ရည်) ဆိုင်များကို ရွေးမည်လားဟုဆွေးနွေးချက်အပေါ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် (၂) မှ ဆိုင်အမျိုးအစားစုံအောင် ထည့်သင့်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဒေါက်တာအောင်ကျော်ထွေးမှ ဆွေးနွေးရာတွင် လမ်းဘေးဈေးသည်များနှင့် ပတ်သက်၍ နိုင်ငံတကာနှင့်ယှဉ်ကြည့်မည်ဆိုလျှင် Monitoring လုပ်ရန်လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ အရေးယူဆောင်ရွက်ရန် အာဏာပေးရမည့် စည်ပင် (သို့မဟုတ်) အဖွဲ့အစည်းဌာနတစ်ခုခုအား Authority ပေးထားလျှင် ပိုမိုကောင်းမွန်နိုင်မည်ဟု ထင်မိပါကြောင်း ဆွေးနွေးခဲ့ရာ အမြဲတမ်းအတွင်းဝန်မှ Monitoring အဖွဲ့အား သီးခြားစီစဉ်ရန်အတွက် လုပ်ဆောင်ရန်လိုအပ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာဝင်းလှဲ့ဖြူမှ မန္တလေးတွင် လမ်းဘေးဈေး သည်များ ရောင်းချသည့်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ Five Keys ကိုအခြေခံ၍ ထုတ်ထားသော အချက်များပေါ်မူတည်၍ စစ်ဆေးနေကြောင်း ဆွေးနွေးခဲ့ပါသည်။ လမ်းဘေးဈေးသည်များအား သွားရောက်စစ်ဆေးချိန်တွင် လမ်းဘေးဈေးသည်များမှာ

ကိုယ်အပြုအမူ ကြမ်းတမ်းသူများရှိနိုင်ပါသဖြင့် သက်ဆိုင်ရာဌာနများမှ စစ်ဆေးသည့်သူများ၏ လုံခြုံရေးအတွက် ပူးပေါင်းပါဝင်ပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။

ဒက္ခိဏသီရိမြို့နယ် စည်ပင်သာယာရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးမင်းအောင်မှ တရားမဝင် လမ်းဘေးကျူးကျော်ဆိုင်များကို မရောင်းချရန် ဥပဒေထုတ်သင့်ကြောင်း ဆွေးနွေးချက်အပေါ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန၊ ဌာနမှူး ဒေါက်တာဝေဖြိုးအောင်မှ တည်ဆဲဥပဒေမရှိသေးကြောင်းနှင့် ဘက်ပေါင်းစုံကိုငဲ့ညှာနေရသဖြင့် မလုပ်နိုင်သေးကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာစပယ်ထက်ထက်ထူးမှ ပြင်ဆင်ရေးဆွဲသော အမျိုးသားအစားအသောက်ဥပဒေတွင် Food Chain တစ်လျှောက်ထုတ်လုပ်သော အစားအစာများအတွက် Cover ဖြစ်အောင်လုပ်နေကြောင်း၊ Food Business Operator များ အနေဖြင့် Regulatory Agency တွင် Registration လုပ်ရမည့်အကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါ်ဇင်မွန်သူမှ Food Safety ရရှိရန် အတွက် စားသုံးသူများကိုယ်တိုင် Awareness ရှိရန်လိုအပ်သည့်အတွက် စားသုံးသူများအား အသိပညာပေးရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာချောနုနုအေးမှ လမ်းဘေးစျေးသည်များ Food Safety Programme တွင်ပါဝင်မှု အားကောင်းလာစေရန် TV Channel များတွင် ဇာတ်လမ်းတို လေးများ လွှင့်ပေးလျှင် ပိုအဆင်ပြေနိုင်ကြောင်း ဆွေးနွေးခဲ့ရာ ညွှန်ကြားရေးမှူးချုပ်မှ Role Play Programme များအတွက် ရုံပုံငွေများရှိနေခြင်း၊ ဆေးဝါးဘက်မှလည်း ထိုသို့ ဇာတ်လမ်းတိုများ ပြသနေကြောင်းနှင့် အစားအသောက်ဘက်မှ ဇာတ်ညွှန်းများရှိပါက ပြုလုပ်ပေးမည် အကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန၊ ဒေါက်တာသာထွန်းကျော်မှ လမ်းဘေးစျေးသည်များ Food Safety Programme တွင်ပါဝင်မှုအား ကောင်းလာစေရန် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ အသိအမှတ်ပြု Vinyl (or) Logo များ ပြုလုပ်ပေးလျှင် အောင်မြင်နိုင်ကြောင်း၊ ယခုကဲ့သို့ အစည်းအဝေးမျိုးအား လစဉ်ပြုလုပ်လျှင် ကောင်းမွန်ပါကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။

၈။ နိဂုံးချုပ်အနေဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ လမ်းဘေး စျေးသည်များ ရောင်းချနေသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း အခမ်း အနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ အားလုံးကို ကျေးဇူးတင် ကြောင်းနှင့် ဆွေးနွေးအကြံပြုချက်များအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါ သည်။

**၁၃။** အောက်ပါအတိုင်း ဆွေးနွေးဆုံးဖြတ်ကြပါသည်။

| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်ဌာန/ အဖွဲ့အစည်း |
|---|---|---|
| (က) | စားသောက်ဆိုင်များလိုက်နာရန် ထုတ်ပြန်ထားသောစည်းကမ်းချက် (၁၆) ချက်မှာ လမ်းဘေးစျေးသည်များမဖြစ်မနေလိုက်နာရမည် စည်းကမ်းချက် (၅) ချက်အား ပြင်ဆင်၍ ဖြန့်ဝေရန်။ | - အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| (ခ) | နေပြည်တော် ညစျေးများတွင် စည်ပင်ပိုက်လိုင်းရေရရှိစေရန် မြို့တော်ဝန်၊ စည်ပင်သာယာရေးကော်မတီထံသို့ ဝန်ကြီးရုံးစာဖြင့် ညှိနှိုင်းထုတ်ပြန်ရန်။ | - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန<br>- အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| (ဂ) | သင်တန်းမှသင်ကြားပို့ချသည်များအား လမ်းဘေးစျေးသည်များမှ လိုက်နာမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးရန် | - အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| (ဃ) | လမ်းဘေးစျေးသည်များ ရောင်းချနေသော အစားအသောက်များ ဘေးအန္တရယ်ကင်းရှင်းရေးအတွက် ပြည်သူလူထုအား ပညာပေး ဇာတ်လမ်းအတွက် ဇာတ်ညွှန်းရေးဆွဲ တင်ပြရန်။ | - အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |

| | | |
|---|---|---|
| (င) | လမ်းဘေးဈေးသည်များအတွက် သင်တန်းများပို့ချခြင်းနှင့် ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းများနှင့်ပတ်သက်၍ ဆောင်ရွက်တွေ့ရှိချက်များ ထပ်မံသိရှိရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲအား ထပ်မံပြုလုပ်ရန်။ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးစီးဌာန |

**၉။** အစည်းအဝေး အစီအစဉ်ကို ညနေ(၄:၀၀)နာရီတွင် အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

<u>**မှတ်တမ်းတင်သူများ**</u>

| ဒေါ်ခင်ချိုလင်း | ဒေါ်ပြုံးဝေ | ဦးမျိုးမင်းဇော် |
|---|---|---|
| ဒု-ကြီးကြပ်ရေးမှူး | ဒု-ကြီးကြပ်ရေးမှူး | ဒု-ကြီးကြပ်ရေးမှူး |
| (အစားအသောက်ဌာနခွဲ) | (အစားအသောက်ဌာနခွဲ) | (အစားအသောက်ဌာနခွဲ) |

စာအမှတ်၊ အစဆ/၂(စသပ)ထွေ-၃/၂၀၁၉/

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ(   ) ရက်

ဖြန့်ဝေခြင်း-

- အစည်းအဝေးတက်ရောက်သူများအားလုံး၊
- ရုံးလက်ခံ၊
- မျှောစာတွဲ။